

FACT SHEET

# ရှမ်းပြည်အတွင်း အဖြစ်အပျက်များ

၂၀၂၁ ခုနှစ် နိုဝင်ဘာ (၁) ရက် မှ ဒီဇင်ဘာ (၁၆) ရက်

## ရှမ်းပြည်အခြေအနေ(အကျဉ်းချုပ်)

ရှမ်းပြည်နယ်မှ ပြည်သူများသည် အခက်အခဲမျိုးစုံကို တွေ့ကြုံရင်ဆိုင်နေရပါသည်။ ရှမ်းပြည်တွင်းရှိ ပြည်သူများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားသည့် စစ်ရေးပဋိပက္ခများကို ရင်ဆိုင်နေကြရသည့်အပြင် ကိုဗစ်ကပ်ရောဂါနှင့် စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေး ပဋိပက္ခများကိုပါ ရင်ဆိုင်ကြရသည်။ ထို့အပြင် တရားဥပဒေစိုးမိုးမှု မရှိခြင်း ကြောင့် ပြည်သူများသည် တရားမျှတမှုနှင့် လုံခြုံမှုတို့အတွက် အားကိုးအားထားရာမဲ့ ဖြစ်နေပြီး ဆင်းရဲဒုက္ခများကို ထပ်ဆင့်ရင်ဆိုင်နေကြရပါသည်။ ပြည်သူများမှာ တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး အချို့မှာ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း နှင့် ဖမ်းဆီးချုပ်နှောင်ခြင်း တို့ကို ရင်ဆိုင်နေကြရသည်။

## အမျိုးသမီးနှင့် ကလေးသူငယ်များ

အမျိုးသမီးများသည် အကြောက်တရားများကြား ရှင်သန်နေထိုင်ကြရသည်။ အာဏာသိမ်းပြီးနောက် နိုဝင်ဘာလ (၇) ရက်နေ့တွင် အသက် (၆၂) နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မြန်မာစစ်တပ်မှ တပ်သားတစ်ဦးက မုဒိမ်းကျင့်ခဲ့ပါသည်။ ထို မုဒိမ်းကျင့်ခံရပြီးနောက် ၄င်းအမျိုးသမီးသည် စိတ်ထိခိုက်ကာ စိတ်ဝေဒနာခံစားနေရသည်။ ထို့အပြင် အချို့အမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုများကို ရင်ဆိုင်နေကြရပြီး စိတ်ဖိစီးမှုများကို ခံစားနေကြရသူများလည်းရှိသည်။ စစ်ရေး နှင့် နိုင်ငံရေး ပဋိပက္ခများကြောင့် အမျိုးသမီးများသည် မိသားစုဝင်များနှင့် ခွဲခွာရပြီး အားကိုးအားထားရာမရှိ ဖြစ်နေကာ ခက်ခဲရှုပ်ထွေးသော နိုင်ငံရေးအခြေအနေကိုပါ ရင်ဆိုင်ကြရသည်။ တစ်ဖက်တွင်လည်း ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် တိုက်ပွဲများနှင့် ဝေးရာသို့ ရုန်းကန်ထွက်ပြေးခဲ့ရပြီး စစ်ဘေးရှောင်စခန်းများတွင် မီးဖွားကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်ခြင်းမရှိသောကြောင့် အခက်အခဲများရှိပြီး မွေးကင်းစကလေးများနှင့် မိခင်များပါ အဟာရချို့တဲ့ကြသည်။

## ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြရသူများ (စစ်ဘေးရှောင်ဒုက္ခသည်)

၂၀၂၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလဆန်းပိုင်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား တိုက်ပွဲများကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် စစ်ဘေးရှောင်ဒုက္ခသည် အများအပြား တိုးပွားခဲ့ပြီး၊ သီပေါနှင့် ကျောက်မဲမြို့နယ်အတွင်း စစ်ဘေးရှောင်ပြည်သူ ၃၀၀၀ ကျော် ရှိသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏ တစ်အိမ်တက်တစ်အိမ်ဆင်း စစ်သားစုဆောင်းမှုကြောင့် နေအိမ်ရှိ အမျိုးသားများ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံနေရသည်။ ပြည်သူများသည် စိတ်ဓာတ်ကျခြင်း၊ စိတ်နာကျင်မှုများကိုခံစားနေရပြီး စစ်ပဋိပက္ခမှလွတ်မြောက်ရန် ထွက်ပြေးခဲ့စဉ် မိခင်နှင့်ကလေးများ မှာလည်း ကွဲကွာခဲ့ရပါသည်။ သား နှင့် ဖခင်များ မှာလည်း လက်နက်ကိုင်အဖွဲ့အစည်းများမှ စစ်သား စုဆောင်းရာ မပါမနေရ အတင်းပါဝင်ခိုင်းစေခြင်းကြောင့် မိသားစုအချင်းချင်းလည်း တစ်ကွဲတစ်ပြား ဖြစ်ရပါသည်။ ဤအခြေအနေများသည် ရှမ်းပြည်တွင်း စစ်ရေးပဋိပက္ခ၏ ဆိုးကျိုးများ ဖြစ်သည်။

*အချက်အလက် -သျှမ်းသံတော်ဆင့် နှင့် ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း)*

## ပြည်သူများကြုံတွေ့ရသောအကြမ်းဖက်မှုများ

- စစ်ပွဲနှင့် ပဋိပက္ခများကြား စိုးရိမ်ထိတ်လန့်စွာ နေထိုင်နေရခြင်း
- ပြည်သူတို့၏ ပစ္စည်းဥစ္စာ၊ အိုးအိမ်များကို ဖျက်စီးခြင်း
- အတင်းရွှေ့ပြောင်းစေခြင်း
- စားဝတ်နေရေးအထောက်အကူပေးမှုများကို ကန့်သတ်ခြင်း
- ဆေးဝါးအထောက်အကူပေးမှုများကို ကန့်သတ်ခြင်း
- သားဖွားခြင်းဆိုင်ရာကျန်းမာဝန်ဆောင်မှုများ ကို ပိတ်ပင်ခြင်း
- လမ်းပန်းဆက်သွယ်ရေးများကို ပိတ်ပင်ခြင်း
- စစ်သားအဖြစ် ပါဝင်ခိုင်းစေခြင်း နှင့် ပေါ်တာဆွဲခြင်း
- မြေမြှုပ်မိုင်းများကြောင့် ထိခိုက်သေဆုံးခြင်း
- မုဒိမ်းပြုကျင့်ခြင်း
- တရားမဲ့ ဖမ်းဆီးထိန်းချုပ်ခြင်း
- ညှင်းပမ်းနှိပ်စက် သတ်ဖြတ်ခြင်း
- လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်း

Shan Women's Action Network

